သင်တို့သည် မုအဇ္ဇင်န်၏အဇာန်သံကိုကြားသည့်အခါ

မုအဇ္ဇင်န်ဆိုသည့်အတိုင်း လိုက်ဆိုကြပါ။

အဗူစအီးဒ် အလ်ခုဒ်ရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ သင်တို့သည် မုအဇ္ဇင်န်၏အဇာန်သံကိုကြားသည့်အခါ
မုအဇ္ဇင်န်ဆိုသည့်အတိုင်း လိုက်ဆိုကြပါ။ [صحيح] [متفق عليه]

မုအဇ္ဇင်န်၏ အဇာန်ဖိတ်ခေါ်သံကိုကြားသည့်အခါ မုအဇ္ဇင်န်၏ဖိတ်ခေါ်မှုအား အဖြေပေးရန်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က တိုက်တွန်းတော်မူခဲ့သည်။ ထိုကြောင့်ကျွန်တော်တို့သည် မုအဇ္ဇင်န်ဆိုသည့် စာကြောင်းတိုင်းကို လိုက်ဆိုရမည်။ ၎င်းကသက္ကဗီရ်ဆိုသည့်အခါကျွန်တော်တိုသည် သူ့နောက်မှ သက္ကဗီရ်လိုက်ဆိုရမည်။ ၎င်းက ရှဟာဒသ်နှစ်ခုကို ဆိုသည့်အခါ ကျွန်တော်တို့သည် ရှဟာဒသ်နှစ်ခုကို သူ့နောက်မှ လိုက်ဆိုရမည်။သို့သော် (ဟိုင်းယ္ယအလဆ်ွဆွလာဟ်နှင့်ဟိုင်းယ္ယအလလ်ဖလာဟ်)ကိုလိုက်မဆိုရပေ။၎င်းကထိုစာသားနှစ်ပိုဒ်ကို ဆိုပြီးသည့်အခါ “လာဟောင်းလ ဝလာကုဝ်ဝသ အိလ္လာဗိလ္လာဟ်”ကိုသာဆိုရမည်။

http://sunnah.global/hadeeth/my/show/3013